# ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CHUPDF)

## ကြေညာချက် (၃/၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်

၁။ ချောင်းဦးမြို့နယ်၊ မင်းတည်ကျေးရွာတွင် (၁၆.၂.၂၀၂၂) ညပိုင်း၌ လက်နက်ကိုင်အုပ်စုတစ်စု ဝင်ရောက်၍ အကြမ်းဖက်စစ်ကောင်စီသတင်းပေးတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သောဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်တွင် အကြမ်းဖက်စစ်ကောင်စီသတင်းပေး၏နေအိမ်သို့မဝင်မီ ပြည်သူနေအိမ်တစ်အိမ်ကို အထက်ပါလက်နက်ကိုင်အဖွဲ့ကမှားယွင်းဝင်ရောက်ခဲ့ပြီး အိမ်ရှင်များကအိမ်မှားနေပါကြောင်းတောင်းပန်နေသည့်ကြားမှ ပစ္စည်းများကိုမွှေနှောက်ဖျက်ဆီးခြင်းများပြုလုပ်ကာ ၎င်းအိမ်မှ scoopy ဆိုင်ကယ် (၁) စီး၊ ငွေ (၁၃) သိန်းခန့်နှင့် ရွှေလက်ဝတ်ရတနာအချို့ကို လုယူသွားကြောင်း ကြားသိရသည်။

၃။ အထက်ပါဖြစ်စဉ်ကို မိမိတို့ CHUPDF အနေဖြင့် လုံးဝလက်သင့်ခံနိုင်ခြင်းမရှိပါ။ လုပ်ဆောင်ခဲ့သောအဖွဲ့အစည်းကို စုံစမ်းဖော်ထုတ်လျှက်ရှိပြီး သက်သေအချို့ကိုလည်း CHUPDF က ရရှိထားပြီးဖြစ်သည်။ လုပ်ဆောင်ခဲ့သောအဖွဲ့အစည်းအနေဖြင့် " တရားဝင်ဝန်ချတောင်းပန်ပြီး လုယူသွားသောပစ္စည်းများကိုတစ်ခုမကျန်ပြန်လည်အပ်နှံရန် " သတိပေးလိုက်သည်။

၄။ သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ယခုသတိပေးချက်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက CHUPDF အနေဖြင့်ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့